(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့နှင့် ဆပ်ကော်မတီတို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှုနှင့် ဦးစားပေးခံရမှု သေချာစေရေး ဆောင်ရွက်ခြင်း၊

(င) အရေးပေါ်အခြေအနေများတွင်ရောက်ရှိနေသော မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် မသန်စွမ်းမှုအလိုက် လိုအပ်ချက်တို့ကို ထောက်ပံ့ပေးခြင်းတို့ကိုဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်တို့တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်အစိုးရနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှ ဖွင့်လှစ်လျက်ရှိသော သင်တန်းအစီအစဉ်များတွင် မသန်စွမ်းသူများ တက်ရောက်သင်ယူခွင့်ရရှိရေးဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများအား ဝေပုံကျနှုန်းထားအတိုင်း အလုပ်ခန့်ထားရေးဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို လေ့လာစောင့်ကြည့်ခြင်း၊

(ည) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လုပ်ငန်းခွင်ဖန်တီးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆောင်ရွက်ခြင်း၊

(ဋ) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်မှုတို့ကို ကြီးကြပ်လမ်းညွှန်ခြင်း။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စိုးကြည်
အတွင်းရေးမှူး
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၅/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၁) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၁၆၈၈၆၂ ရဲအုပ် တင်လင်းအောင်<br>အမှတ် (၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ရဲ ၈၄၆၉ |
| (၂) | လ ၁၆၆၃၀၉ ရဲအုပ် သိန်းဝင်းဇော်<br>အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်း | ရဲ ၈၄၇၀ |
| (၃) | လ ၁၅၇၄၀၇ ရဲအုပ် ဝင်းရွှေ<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၄၇၂ |
| (၄) | လ ၂၀၇၈၈၇ ရဲအုပ် ဝဏ္ဏစံ<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၄၇၄ |
| (၅) | လ ၁၉၄၂၀၀ ရဲအုပ် အုန်းကျော်<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၄၇၈ |

| | | |
|---|---|---|
| (၆) | လ ၂၂၂၅၄၀ ရဲအုပ် မင်းအောင်နိုင်ထွေး<br>အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်း | ရဲ ၈၄၇၉ |
| (၇) | လ ၁၈၀၈၂၂ ရဲအုပ် မြင့်ဆွေ<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၄၈၀ |
| (၈) | လ ၂၁၂၅၉၈ ရဲအုပ် ဝင်းမင်းထွန်း<br>ငွေကြေးဆိုင်ရာမှုခင်း<br>တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၈၄၈၁ |
| (၉) | လ ၂၁၇၇၇၃ ရဲအုပ် အေးမင်းလတ်<br>ရဲထောက်ပံ့ရေးဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | ရဲ ၈၄၈၂ |
| (၁၀) | လ ၁၆၉၂၆၈ ရဲအုပ် နိုင်ဝင်း<br>ချင်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၈၄၈၃ |
| (၁၁) | လ ၁၈၉၆၈၇ ရဲအုပ် စန်းလွင်<br>ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၄၈၄ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၂၃)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၁) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်–

| | | |
|---|---|---|
| (၁) | လ ၁၈၂၅၆၄ ရဲအုပ် ဝင်းနိုင်<br>သတင်းရဲတပ်ဖွဲ့ | ရဲ ၈၄၈၅ |
| (၂) | လ ၁၉၈၃၆၄ ရဲအုပ် လွင်အောင်<br>မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၄၈၇ |
| (၃) | လ ၂၀၇၄၇၇ ရဲအုပ် ဟိန်းဝဏ္ဏ<br>ရေကြောင်းရဲတပ်ဖွဲ့ | ရဲ ၈၄၈၈ |
| (၄) | လ ၁၉၈၈၄၃ ရဲအုပ် မင်းကိုလွင်<br>ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၄၈၉ |
| (၅) | လ ၁၅၀၃၅၉ ရဲအုပ် ချစ်ကိုမြင့်<br>မူးယစ်ဆေးဝါးတားဆီး<br>နှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၈၄၉၀ |
| (၆) | လ ၁၇၃၀၇၉ ရဲအုပ် ဇော်လင်း<br>ရဲအရာရှိအတတ်သင်ကျောင်း | ရဲ ၈၄၉၁ |
| (၇) | လ ၁၇၀၈၄၀ ရဲအုပ် အောင်ကျော်စိုး<br>ရဲအရာရှိလေ့ကျင့်ရေးကျောင်း | ရဲ ၈၄၉၃ |
| (၈) | လ ၁၈၉၅၃၄ ရဲအုပ် ကျော်နိုင်ဦး<br>ချင်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၈၄၉၅ |
| (၉) | လ ၁၃၇၂၅၂ ရဲအုပ် ကျော်ဇံဦး<br>ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၅၀၁ |

(၁၀) လ ၁၅၇၈၀၄ ရဲအုပ် ယဉ်ထွေး ကယားပြည်နယ်ရဲတပ်ဖွဲ့ ရဲ ၈၅၀၂

(၁၁) လ ၂၀၀၀၄၂ ရဲအုပ် မျိုးမင်းလွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲ ၈၅၀၃

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉၇/၂၀၂၃)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၁) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၁၇၆၉၆၀ ရဲအုပ် ကြည်ထွေး သတင်းရဲတပ်ဖွဲ့ ရဲ ၈၅၀၄

(၂) လ ၂၁၇၆၁၂ ရဲအုပ် ထွန်းမင်းသန့် သတင်းရဲတပ်ဖွဲ့ ရဲ ၈၅၁၂

(၃) လ ၁၆၀၀၀၄ ရဲအုပ် မင်းနိုင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲ ၈၅၁၃

(၄) လ ၁၇၄၄၀၂ ရဲအုပ် စိုးမင်းလတ် အမှတ် (၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ရဲ ၈၅၁၄

(၅) လ ၁၃၇၉၀၉ ရဲအုပ် ခင်ဇော် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲ ၈၅၁၉

(၆) လ ၁၉၃၇၉၇ ရဲအုပ် ဝင်းကြိုင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲ ၈၅၂၁

(၇) လ ၁၆၆၂၉၃ ရဲအုပ် အောင်ကိုလွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲ ၈၅၂၈

(၈) လ ၁၉၇၀၀၈ ရဲအုပ် တင်မင်းလှိုင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲ ၈၅၂၉

(၉) လ ၁၉၅၇၆၈ ရဲအုပ် အောင်မျိုး ရဲအရာရှိလေ့ကျင့်ရေးကျောင်း ရဲ ၈၅၃၀

(၁၀) လ ၁၇၃၁၀၀ ရဲအုပ် သူရဇော် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲ ၈၅၃၁

(၁၁) လ ၁၉၇၈၂၂ ရဲအုပ် သန်းဝင်း ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲ ၈၅၃၂

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉၈/၂၀၂၃)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၁) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၀၅၁၉၄ ရဲအုပ် တိုးတိုး ချင်းပြည်နယ်ရဲတပ်ဖွဲ့ (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးတွဲ) ရဲ ၈၅၃၃

| | | |
|---|---|---|
| (၂) | လ ၁၂၀၈၂၇ ရဲအုပ် စိန်လင်း<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၈၅၃၆ |
| (၃) | လ ၂၁၇၇၁၈ ရဲအုပ် ခိုင်မင်းထွန်း<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၅၃၈ |
| (၄) | လ ၁၈၆၇၂၄ ရဲအုပ် မင်းအောင်<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၅၄၀ |
| (၅) | လ ၁၇၀၃၉၀ ရဲအုပ် အောင်မျိုးဦး<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၈၅၄၁ |
| (၆) | လ ၁၉၈၁၆၄ ရဲအုပ် ကျော်သူ<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၈၅၄၂ |
| (၇) | လ ၁၉၉၉၃၁ ရဲအုပ် သန်းထိုက်<br>လေကြောင်းရဲတပ်ဖွဲ့ | ရဲ ၈၅၄၅ |
| (၈) | လ ၂၂၂၄၉၃ ရဲအုပ် စောကိုကို<br>စည်ပင်သာယာရဲတပ်ဖွဲ့<br>(နေပြည်တော်) | ရဲ ၈၅၄၆ |
| (၉) | လ ၁၅၄၆၄၁ ရဲအုပ် တင့်လွင်<br>အမှတ် (၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ရဲ ၈၅၄၈ |
| (၁၀) | လ ၁၇၆၉၇၇ ရဲအုပ် အောင်မင်းဦး<br>မူးယစ်ဆေးဝါးတားဆီး<br>နှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၈၅၅၃ |
| (၁၁) | လ ၂၀၃၁၀၅ ရဲအုပ် ဇော်ဝင်းစိုး<br>လေကြောင်းရဲတပ်ဖွဲ့ | ရဲ ၈၅၅၄ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉၉/၂၀၂၃)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၁) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၂၀၅၀၁၁ ရဲအုပ် အောင်အောင်<br>အမှတ် (၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ရဲ ၈၅၅၈ |
| (၂) | လ ၁၇၃၆၀၅ ရဲအုပ် မြင့်အောင်<br>မှုခင်းရဲတပ်ဖွဲ့ | ရဲ ၈၅၅၉ |
| (၃) | လ ၂၁၇၇၂၇ ရဲအုပ် မျိုးမြင့်သန်း<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၅၆၀ |
| (၄) | လ ၁၉၈၉၄၀ ရဲအုပ် သန်းထိုက်အောင်<br>ရေကြောင်းရဲတပ်ဖွဲ့ | ရဲ ၈၅၆၁ |
| (၅) | လ ၂၀၁၄၀၅ ရဲအုပ် နိုင်လင်းဦး<br>အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ | ရဲ ၈၅၆၅ |

(၆) လ ၂၂၄၅၂၇ ရဲအုပ် ညီညီ သတင်းရဲတပ်ဖွဲ့ — ရဲ ၈၅၆၆

(၇) လ ၂၀၀၂၆၇ ရဲအုပ် ညီညီဌေး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၈၅၆၇

(၈) လ ၁၇၆၉၃၈ ရဲအုပ် ခင်မောင်ချင်း အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ — ရဲ ၈၅၆၉

(၉) လ ၁၆၅၀၅၅ ရဲအုပ် စန်းထူးနိုင် ရဲဦးစီးဌာနကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် — ရဲ ၈၅၇၀

(၁၀) လ ၁၉၈၁၃၇ ရဲအုပ် ထွန်းထွန်း ကယားပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၈၅၇၂

(၁၁) လ ၂၀၁၁၆၇ ရဲအုပ် မင်းမင်း ရဲလေ့ကျင့်ရေးဌာနကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် — ရဲ ၈၅၇၅

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၀/၂၀၂၃)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၁) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၁၈၀၀၆၄ ရဲအုပ် သန်းနိုင် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၈၅၇၆

(၂) လ ၂၀၅၂၄၀ ရဲအုပ် ဝင်းမြင့်ဦး တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၈၅၇၇

(၃) လ ၁၅၅၃၆၇ ရဲအုပ် စန်းဝင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၈၅၇၈

(၄) လ ၁၆၁၈၃၇ ရဲအုပ် ကြည်စိုး ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၈၅၈၀

(၅) လ ၂၀၄၅၈၆ ရဲအုပ် လွင်ကိုကိုဦး ကရင်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၈၅၈၃

(၆) လ ၁၆၁၀၄၄ ရဲအုပ် စန်းယု ရထားရဲတပ်ဖွဲ့ — ရဲ ၈၅၈၇

(၇) လ ၁၅၈၀၇၂ ရဲအုပ် မျိုးညွန့် သတင်းရဲတပ်ဖွဲ့ — ရဲ ၈၅၈၈

(၈) လ ၁၈၈၁၅၁ ရဲအုပ် ဇော်မင်းထိုက် ကယားပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၈၅၈၉

(၉) လ ၂၀၄၄၁၀ ရဲအုပ် ထွန်းမင်းလတ် အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်း — ရဲ ၈၅၉၂

(၁၀) လ ၂၀၅၄၁၈ ရဲအုပ် သန်းလှိုင် ရဲ ၈၅၉၃
ရဲဦးစီးဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၁၁) လ ၂၁၇၇၉၂ ရဲအုပ် မြင့်သူ ရဲ ၈၅၉၄
အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်း

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၁/၂၀၂၃)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခေတ္တအုပ်ချုပ်ရေးမှူးအဖြစ် တွဲဖက်တာဝန်ချထားသော ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းလှိုင် (ပ/၄၂၄၀) အား ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ပင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၂/၂၀၂၃)

မွန်ပြည်နယ်၊ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခေတ္တအုပ်ချုပ်ရေးမှူးအဖြစ် တွဲဖက်တာဝန်ချထားသော မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှိုင်ထွန်း (ပ/၅၃၇၃) အား ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ပင် တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၃)
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

၁။ ပုဂ္ဂလိကမီဒီယာကဏ္ဍ ရှင်သန်ရပ်တည်ဖွံ့ဖြိုးတိုးတက်ပြီး မီဒီယာကျင့်ဝတ်နှင့်ညီညွတ်၍ လူမှုတာဝန်သိသော မီဒီယာများဖြစ်ပေါ်လာစေရန်အတွက် ပြည်တွင်း ပြည်ပမီဒီယာများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် **မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myanmar Media Development Group–MMDG)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး (၁) ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

( ခ ) ဗိုလ်မှူးကြီး အုန်းလှိုင် (ငြိမ်း) အဖွဲ့ဝင်
ဂုဏ်ထူးဆောင်ပါမောက္ခ၊ ကုခန်းစိတ်ပညာ
တပ်မတော်ဆေးတက္ကသိုလ်

| | | |
|---|---|---|
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရုပ်သံထုတ်လွှင့်သူများအသင်း | အဖွဲ့ဝင် |
| (င) | ဒေါ်နန်းကလျာဝင်း<br>CEO<br>Popular News | အဖွဲ့ဝင် |
| (စ) | ဦးအောင်ဇေယျာလွင်<br>ဥက္ကဋ္ဌ<br>Myanmar Digital Economy Association | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်အောင်<br>အတွင်းရေးမှူး<br>မြန်မာနိုင်ငံဂီတအစည်းအရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးကိုကို (ခ) ကိုကို (စက်မှုတက္ကသိုလ်)<br>ဥက္ကဋ္ဌ<br>Yangon Media Group | အဖွဲ့ဝင် |
| (ဈ) | ဦးအေးချမ်း<br>Digital စီးပွားရေးပညာရှင် | အဖွဲ့ဝင် |
| (ည) | ဦးဇေယျာဇော်<br>MD<br>Colorful Garden Company | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာ တင်ထွန်းဦး<br>ဥက္ကဋ္ဌ<br>စွယ်စုံမီဒီယာအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်း (FCC) | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်မျိုးသန့်<br>ညွှန်ကြားရေးမှူး<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးမျိုးမြင့်မောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ဒေါက်တာ သီတာတင်<br>ညွှန်ကြားရေးမှူးချုပ်<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် UNESCO အပါအဝင် ပြည်တွင်း ပြည်ပရှိ မီဒီယာဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မီဒီယာကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ Seminar များကို အခါအားလျော်စွာ စီစဉ်ကျင်းပခြင်းနှင့် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို စေတနာအမှန်ဖြင့် လိုလား၍ ပူးပေါင်းကူညီလိုသော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရင်း ပြည်သူများသတင်းသိရှိပိုင်ခွင့်ကို ပိုမိုရရှိရေး ဆောင်ရွက်ပေးခြင်း၊

(ဃ) မြန်မာနိုင်ငံရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပရှိ မီဒီယာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြအကြံပြုချက်များအပေါ်သုံးသပ်၍ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးမှတစ်ဆင့် ဥက္ကဋ္ဌထံသို့ တင်ပြခြင်း၊

(င) မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့များ၊ အစည်းအရုံးများ၏ အကြံပြုချက်များ၊ အစီရင်ခံစာများ၊ ဆောင်ရွက်လိုသည့်တင်ပြချက်များကို စိစစ်ခြင်း၊ သုံးသပ်တင်ပြခြင်း၊

(စ) နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများတွင် မြန်မာ့မီဒီယာအဖွဲ့များ ဂုဏ်သိက္ခာရှိစွာဖြင့် နိုင်ငံနှင့် ပြည်သူကို ကိုယ်စားပြု၍ ပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) စာပေ၊ သတင်းမီဒီယာ၊ ရုပ်ရှင်၊ သဘင်၊ ရုပ်သံလွှင့်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်သည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လွတ်လပ်ပြီး ပြည်ပမှ လွှမ်းမိုးမှုနှင့် အမှီအခိုကင်းသည့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် မီဒီယာကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများ၊ ပါဝင်ဆောင်ရွက်သူများအတွက် သင်တန်းများ၊ နည်းပညာ အထောက်အပံ့များနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်ပေးခြင်း၊

(ဈ) သတင်းမီဒီယာသမားများနှင့်ပတ်သက်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စိစစ်သုံးသပ်၍၊ လေ့လာသုံးသပ်၍ ခေတ်အခြေအနေများနှင့်လျော်ညီအောင် လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်/အသစ်ပြဋ္ဌာန်းနိုင်ရန် အကြံပြုတင်ပြခြင်း၊

(ည) ပြည်တွင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သည့်လေ့လာမှုများနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံချက်များရေးဆွဲခြင်း၊

(ဋ) ဒီဂျစ်တယ်မီဒီယာများ၊ Mobile Application များနှင့် လူမှုကွန်ရက်မီဒီယာများအသုံးပြုခြင်း အပါအဝင် နိုင်ငံအတွင်း မီဒီယာကဏ္ဍတွင် နည်းပညာအသုံးပြုမှုနှင့် ဒီဂျစ်တယ်မီဒီယာ သိနားလည်မှု မြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု (၃) လပတ်၊ (၆) လပတ်၊ နှစ်ချုပ် အစီရင်ခံစာများ ပြုစု၍ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးမှတစ်ဆင့် ဥက္ကဋ္ဌထံသို့ တင်ပြခြင်း။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်)

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများက ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ (၁၀-၄-၂၀၁၇) ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ (၁၇-၃-၂၀၂၂) ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် **တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

(၁) **တင်ဒါကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| **စဉ်** | **ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) | ဥက္ကဋ္ဌ |
| (ခခ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) | အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **လုပ်ငန်းတာဝန်များ** |
|---|---|
| (ကက) | နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များဖြစ်သည့် ၁/၂၀၁၇၊ ၂/၂၀၁၈၊ ၃/၂၀၁၈၊ ၇/၂၀၂၀ နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၁/၂၀၂၀ ပါ ညွှန်ကြားချက်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက် ၁/၂၀၂၂ နှင့် ဆန့်ကျင်ကွဲလွဲမှုရှိလျှင် ဤညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်း ရှိ မရှိ ကို စိစစ်ရမည်။ |

(ခခ) ကျပ်သန်း ၁၀၀ အောက် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ်သန်း ၁၀၀ အထက် ဝယ်ယူခြင်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဂဂ) ကျပ် ၂၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအားဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်းသို့မဟုတ် ဝန်ဆောင်မှုရယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ စိစစ်ရမည်။

(ဃဃ) ကျပ် ၂၀ သန်းမှ ကျပ်သန်း ၂၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့်ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင်ဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

(ငင) ကျပ်သန်း ၂၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီးကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်၍နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက်ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(စစ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် ၂၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

(ဆဆ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် ၂၀ သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ်ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ်သိသာထင်ရှားစွာကြော်ငြာ၍ Website တွင် (၁၄) ရက် ကြိုတင်ကြော်ငြာခြင်းရှိ မရှိ စိစစ်ရမည်။

(ဇဇ) ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ အပိုဒ် (၁၉)၊ အပိုဒ်(၂၀) ပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဈဈ) ဌာနပိုင်ပုံသေပိုင်ပစ္စည်း ငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ “နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့် ညွှန်ကြားချက် ညွှန်ကြားချက်အမှတ် ၃/၂၀၁၈ ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ညည) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့်နေ့ရက်မှစ၍ (၂) လထက် မပိုစေရန်နှင့် ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက် တင်ဒါကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

(ဋဋ) ဆောင်ရွက်မည့် စီမံကိန်းပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ရမည်။

(ဌဌ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်စိစစ်ရမည်။

(ဍဍ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဎဎ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကနဦးထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဏဏ) နည်းပညာအရမြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(တတ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့်နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ထထ) “တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ” ကို တာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဒဒ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဓဓ) “ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ” ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(နန) “အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ”ကိုဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(ပပ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေးအစီအစဉ်ရေးဆွဲ အတည်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ရမည်။

(ဖဖ) တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဗဗ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း ရှိ မရှိ စိစစ်ရမည်။

(ဘဘ) တင်ဒါအောင်မြင်သူအား ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

( မ မ ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ယယ) နိုင်ငံတကာ တင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေ မဖြစ်မနေ သုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ ဝန်ဆောင်မှုများ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ရ ရ ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့် ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း ရှိ မရှိ စိစစ်ရမည်။

(လလ) ပြည်ပမှဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်းနှင့် ပြည်ပမှပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသော အရောင်းကိုယ်စားလှယ်မရှိခြင်းတို့အတွက် ပြည်ပမှဝယ်ယူခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂၊ အပိုဒ် (၃) ပါ တင်ဒါနည်းလမ်းများကို အသုံးပြု၍ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဝ ဝ ) တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရန် စိစစ်ကြပ်မတ်ရမည်။

၂။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ (၁၀-၄-၂၀၁၇) ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ (၁၇-၃-၂၀၂၂) ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန်နှင့် ယခင်ညွှန်ကြားချက် အမိန့်ကြော်ငြာစာများသည် ယခုညွှန်ကြားချက် ၁/၂၀၂၂ နှင့် ဆန့်ကျင်ကွဲလွဲမှုရှိလျှင် ယခုညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရမည်။

၃။ တင်ဒါကော်မတီသည် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများအားလုံးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရမည်။

၄။ တင်ဒါကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၂ဖြင့် ဖွဲ့စည်းထားသည့် "အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါကော်မတီ" အား ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော **နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်** ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်၍ စိုက်ပျိုးရေးမွေးမြူရေး ကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးစီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစီမံကိန်းများအား ကြီးကြပ်ရန် **နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (မွေး/ ရေ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ (၁) |
| ( ခ ) | ဒုတိယဝန်ကြီး (စိုက်/ဆည်)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ (၂) |
| ( ဂ ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး (၁) |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး (၂) |
| (ဏ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၃) |

၂။ **နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မူဝါဒ၊ စည်းကမ်းသတ်မှတ်ချက်၊ ညွှန်ကြားချက်၊ စံလုပ်ထုံးလုပ်နည်းများ အခါအားလျော်စွာ လမ်းညွှန်မှု ပေးရန်၊

(ခ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းများအတွက် ရေးဆွဲထားသော စီမံချက်၊ စာချုပ်များအပေါ် လမ်းညွှန်မှုပေးရန်၊

(ဂ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်း ရည်မှန်းချက်များ ပြည့်မီ၍ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ချေးငွေဆိုင်ရာ ဘဏ္ဍာငွေစည်းမျဉ်း၊ စည်းကမ်းများ ကိုက်ညီမှု ရှိ မရှိ ကြီးကြပ်လမ်းညွှန်ရန်၊

(ဃ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို အစီရင်ခံစာတင်ပြရန်၊

(င) လုပ်ငန်းအစုအဖွဲ့များအကြား အငြင်းပွားမှုများပေါ်ပေါက်လာပါက ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆုံးဖြတ်ပေးရန်၊

(စ) လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်း အောင်မြင်စေရေး အတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၈၇/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၃)

### စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော **နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်** ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်၍ စိုက်ပျိုးရေးကဏ္ဍတွင်

တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်ရည်ရွယ်၍ **စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဈ) အထွေထွေအတွင်းရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး
လုပ်ငန်းရှင်များအသင်း

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန

(ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဌ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

| | | |
|---|---|---|
| (ဃ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ၑ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန (တိုင်းဒေသကြီး/ပြည်နယ်)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဒ) | ညွှန်ကြားရေးမှူး (စိုက်ပျိုးပညာပေးရေးဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ **စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီမံချက်ရေးဆွဲရေး၊ စာချုပ်ရေးဆွဲရေးလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်၍ စိုက်ပျိုးမွေးမြူရေး ဇုဟိုလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုခံယူရန်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နွေစပါးနှင့် ဆောင်းပဲတီစိမ်းကေများ ပြည့်မီရေး ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဂ) ချေးငွေစာချုပ် အတည်ပြုချက်ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များ၊ တောင်သူအစုအဖွဲ့/ သမအသင်းများ သတ်မှတ်ရွေးချယ်ဖွဲ့စည်းခြင်း၊ ချေးငွေစာချုပ်များ၊ သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ သွင်းအားစု ဖြန့်ဖြူးခြင်းနှင့် သွင်းအားစုဖိုး ပေးချေခြင်း၊ သီးနှံဝယ်ယူရောင်းချခြင်းနှင့် ချေးငွေပြန်လည် ပေးဆပ်ခြင်း စသည့်လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်မည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီများအား ကြီးကြပ်၍ လမ်းညွှန်မှုပေးရန်၊

(င) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လိုအပ်သလို အစည်းအဝေးများ ခေါ်ယူဆွေးနွေးရန်၊

(စ) လုပ်ငန်းအစုအဖွဲ့များအကြား အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(ဆ) တောင်သူများ၏ ယခင်နှစ်ကြွေးကျန်၏ (၂၅) ရာခိုင်နှုန်းတန်ဖိုးကောက်ခံရရှိရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) သွင်းအားစုဝယ်ယူရေးလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်ရန်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၈/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များဖြစ်ကြသော ဒေါ်နွယ်နီဝင်း၊ ဒေါ်မြမြသွေး၊ ဒေါ်ခိုင်ခိုင်-၂၊ ဦးတင်မျိုးဝင်းနှင့် ဦးချမ်းငြိမ်းလင်း တို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်အမှတ် (၁/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်)

### ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် အလေးချိန်နှင့် အရည်အသွေးစိစစ်မည့် ကျွမ်းကျင်အဖွဲ့အစည်းအဖြစ် တာဝန်ပေးအပ်ခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၁/၂၀၂၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်တွင်းရှိ ဆန်စပါးအရည်အသွေးကောင်းမွန်မှန်ကန်စေရေးအတွက် စမ်းသပ်စစ်ဆေးနိုင်ရန်အလို့ငှာ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ကို ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အလေးချိန်နှင့် အရည်အသွေးစစ်ဆေးမည့် ကျွမ်းကျင်အဖွဲ့အစည်းအဖြစ် တာဝန်ပေးအပ် လိုက်သည်။

၂။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်** ဆိုသည်မှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၀၉ ဖြင့် ဖွဲ့စည်းထားသော မြန်မာ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ကို ဆိုသည်။

၃။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၏ အလေးချိန်ကိုက်ညီမှု ရှိ မရှိ၊ အရည်အသွေးသတ်မှတ်ချက်ကိုက်ညီမှု ရှိ မရှိနှင့် အရည်အသွေးထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များ ပြည့်စုံစွာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခွင့်ရှိစေရမည်။

၄။ ဆန်နှင့် ဆန်ထွက်ပစ္စည်း ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသည့်အရည်အသွေးနှင့် အလေးချိန် ကိုက်ညီကြောင်း မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ စစ်ဆေးမှုတွေ့ရှိချက် ရရှိပြီးမှသာ ပြည်ပတင်ပို့မှုကို ဆက်လက်ဆောင်ရွက်ခွင့်ရှိစေရမည်။

၅။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဤအမိန့်ပါ တာဝန်ကို ဆောင်ရွက်ရာတွင်-

(က) ပြည်တွင်း ပြည်ပမှ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ ဆန်စပါးကဏ္ဍမှ စီးပွားရေးအသင်း အဖွဲ့များ၊ အစုအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) စစ်ဆေးမှုအမျိုးအစားအလိုက် ဝန်ကြီးဌာနက အတည်ပြုပေးသည့် စမ်းသပ်စစ်ဆေးခများကိုဖြစ်စေ၊ ဝန်ဆောင်ခကိုဖြစ်စေ ကောက်ခံပိုင်ခွင့်ရှိသည်။

(ဂ) နည်းပညာဆိုင်ရာစံနှုန်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) အများပြည်သူသိရှိစေရန် ထုတ်ပြန်ချက်များကိုဖြစ်စေ၊ ကြေညာချက်များကိုဖြစ်စေ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၆။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဆန်နှင့် ဆန်ထွက်ပစ္စည်း၏ အလေးချိန်နှင့် အရည်အသွေးနှင့်စပ်လျဉ်းသည့် စစ်ဆေးမှုတွေ့ရှိချက်ကို-

(က) သက်ဆိုင်ရာ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုမ္ပဏီများသို့ ထုတ်ပေးပိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အကြောင်းကိစ္စတစ်စုံတစ်ရာပေါ်ပေါက်သဖြင့် တောင်းခံလာပါက မိတ္တူထုတ်ပေးပိုင်ခွင့်ရှိသည်။

(ဂ) သက်ဆိုင်ရာ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုမ္ပဏီများက မိတ္တူထုတ်ပေးရန် တောင်းခံ လာပါက သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးပိုင်ခွင့်ရှိသည်။

၇။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဤအမိန့်ပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လုပ်ငန်းအခြေအနေအရပ်ရပ်အစီရင်ခံစာကို သုံးလတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဤအမိန့်အရ အပ်နှင်းထားသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ထူးခြားသည့်ဖြစ်စဉ်နှင့် ဝန်ကြီးဌာန၏ အဆုံးအဖြတ်ရယူရန် လိုအပ်သောအခြေအနေပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

(ခ) ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန် ရှိသည်။

၉။ ဤအမိန့်အရ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်က ထုတ်ပေးသော စစ်ဆေးမှုတွေ့ရှိချက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းစစ်ဆေးမှုတွေ့ရှိချက်နှင့် သက်ဆိုင်သည့် စီးပွားရေးအသင်းအဖွဲ့၊ အစုအဖွဲ့ သို့မဟုတ် ကုမ္ပဏီတစ်ရပ်ရပ်သည် စစ်ဆေးမှုတွေ့ရှိချက်ကို ထုတ်ပေးသည့်နေ့မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြ ရမည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်)

၁။ ပညာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းများ ဆောင်ရွက်ရာတွင် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့် အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ဖော်ပြပါ အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာ ညွန့်ဖေ | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | နာယက |
| (၂) | ဒေါက်တာ ဇော်မြင့် | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ-၁ |
| (၃) | ဒေါက်တာ မိုးဇော်ထွန်း | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ-၂ |
| (၄) | ဒေါက်တာ ဝင်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်နှင်းကြည် | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ သန်းသန်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးကျော်စွာသွင် | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါက်တာ မျိုးသန့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးကိုလေးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာ<br>ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၁) | ဒေါက်တာ အောင်ဆွေထွန်း | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒေါက်တာ စိုးဝင်း | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၃) | ဒေါ်သန်းသန်းအေး | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>ပညာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

**( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | | ညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ အောင်ကျော် | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးဇော်ထွေးဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်သူဇာရှိန် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ ခင်သီတာ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ ကျော်ဝင်းစိုး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးအောင်ထိုက် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအောင်သူသူ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးသန့်ဇင်ထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာ<br>ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာ ဇေယျာထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ နုနုလွင် | ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၂) | | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |

**( ဂ ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | | ညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (၂) | ဒေါက်တာ ကျော်ဆန်းဝင်း | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ သန့်ဇော်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်သူဇာရှိန် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ အေးအေးဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ ကျော်ဝင်းစိုး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးအောင်ထိုက် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအောင်သူသူ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ ဝင်းဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာ<br>ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာ ဇေယျာထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ နုနုလွင် | ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၂) | | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |
| (၁၅) | | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သက်ဆိုင်ရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | | ညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ မျိုးမင်းထွန်း | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃) | ဒေါက်တာ မေစန်းရီ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်အေးဖြူဇင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်အေးအေးမွန်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးကျော်ဆွေ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးအောင်ထိုက် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအောင်သူသူ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ သန့်ဇင်မျိုး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာ<br>ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာ ဇေယျာထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ စိုးစိုးအောင် | ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy | အဖွဲ့ဝင် |
| (၁၂) | | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သက်ဆိုင်ရာဦးစီးဌာန | အတွင်းရေးမှူး |
| (၁၅) | | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သက်ဆိုင်ရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းစသည့် တင်ဒါများကို (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၄၅/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။　သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ စိုင်းကျော်နိုင်ဦး | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်နွယ်နီ | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာ ဌေးသွင် | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ ဖြူဖြူဝင်း | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာ သိင်္ဂီမောင်မောင် | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာ လှဲ့လှဲ့ဦး | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ အေးအေးခိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာ မီမီချိုထွေး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။　သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)　အဂတိလိုက်စားသော ပြစ်မှုလုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

(ခ)　ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ်အကဲဖြတ်ရန်၊

(ဂ)　ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ငယ်များ ဖွဲ့စည်းပေးပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျ ပိတ်ဆို့ထိန်းချုပ်ရန်အတွက် စည်းမျဉ်း စည်းကမ်း ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

( င ) အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်။

၃။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၀၄/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

အမှတ် ၂၆၄။ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃)၏သဘောတူဆုံးဖြတ်ချက်အရပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးပို့ထားသော အောက်ဖော်ပြပါ ဆရာဝန် (သစ်လွင်) (၁) ဦးအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် အစမ်းခန့်ထားလိုက်သည်-

| ဆမ | အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| လျှောက်ထားဆဲ | ဒေါက်တာ ပိုင်သူကိုကို<br>ဦးစိုးနိုင်<br>၈/မကန (နိုင်) ၂၃၁၇၇၉ | ဦးစီးအရာရှိ (အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) |

မှတ်ချက်။ ရာထူးခန့်ထားခြင်းခံရသည့် ဦးစီးအရာရှိသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်)

အမှတ် ၂၆၅။ ၁၇-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၁၈-၁-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) (၄) ဦးတို့အား အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ (စီမံရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်ကြည်ကြည်ယဉ်<br>ဌာနခွဲစာရေး<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံရေး)<br>စီမံရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၂။ | ဒေါ်ရွှေစင်<br>ဌာနခွဲစာရေး<br>ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံရေး)<br>ဥတ္တရခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန<br>(နေပြည်တော်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ စီမံကိန်း/ စစ်ဆေးရေး ဌာနခွဲအင်အားဖြင့်) |
| ၃။ | ဒေါ်ဆန်းမွန်<br>ဌာနခွဲစာရေး<br>လယ်ဝေးခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံကိန်း)<br>စီမံကိန်း/ စစ်ဆေးရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ နေပြည်တော် |
| ၄။ | ဒေါ်တင်တင်မြင့်<br>ဌာနခွဲစာရေး<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံရေး)<br>ရခိုင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ အကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်း/ လက်ခံပြီး တိုးမြှင့် ထမ်းဆောင်ရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်)

အမှတ် ၂၆၆။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃) ဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီး/ပြည်နယ်)၊ လစာနှုန်း (၄၁၈,၀၀၀- ၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ ဒေါ်ခင်ချစ် (ဆမ-၁၁၅၈၉) အား ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) သို့ လစာနှုန်းတူ ဒုတိယပါမောက္ခချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်)

အမှတ် ၂၆၇။ မန္တလေးပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် (သစ်လွင်) ဒေါက်တာ နှင်းနုထွေး (ဘ-ဦးအိုက်စီ) သည် အလုပ်ဝင်ရောက်ထမ်းဆောင်မှုမရှိသဖြင့် ဝန်ထမ်းအဖြစ်ခန့်ထားခြင်းမှ ပယ်ဖျက်ခဲ့ခြင်းအား အလုပ်ဝင်ရောက်ထမ်းဆောင်လိုကြောင်း လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃) ဆုံးဖြတ်ချက်အရ ရှမ်းပြည်နယ်၊ ပန်ဆန်း (ပန်ခမ်း) မြို့နယ်၊ ပြည်သူ့ဆေးရုံသို့ လက်ထောက်ဆရာဝန်၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် အလုပ်ဝင်ရောက် ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းလဲခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၃၉) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၂၃) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၃၀ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ဆုံးဖြတ်ချက်အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၈) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဌာနခွဲ/ဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ လက်ရှိ တာဝန်ကျဌာနခွဲ၊ ဒေသ | ပြောင်းရွှေ့တာဝန်ပေးအပ်သည့်ဌာနခွဲ၊ ဒေသ |
|---|---|---|
| ၁။ | ဦးထွန်းသန့်<br>လက်ထောက်အတွင်းဝန်<br>ပြည်တွင်း/ပြည်ပဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး | အား/ပညာဌာနခွဲ<br>အား/ကာဦးစီးဌာန |
| ၂။ | ဦးစန်းချို<br>ညွှန်ကြားရေးမှူး<br>စီမံ/ဘဏ္ဍာဌာနခွဲ<br>အား/ကာဦးစီးဌာန | အား/ကာသိပ္ပံ (ဟားခါး)<br>အား/ကာဦးစီးဌာန |
| ၃။ | ဒေါ်နှင်းစန္ဒာဦး<br>ညွှန်ကြားရေးမှူး<br>အား/ပညာဌာနခွဲ<br>အား/ကာဦးစီးဌာန | စီမံ/ဘဏ္ဍာဌာနခွဲ<br>အား/ကာဦးစီးဌာန |
| ၄။ | ဦးအောင်ဇော်လွင်<br>ညွှန်ကြားရေးမှူး<br>အား/ကာသိပ္ပံ (မုံရွာ)<br>အား/ကာဦးစီးဌာန | စစ်ကိုင်းတိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန |
| ၅။ | ဦးတင်မောင်မောင်စိုး<br>ညွှန်ကြားရေးမှူး<br>အား/ကာသိပ္ပံ (ဟားခါး)<br>အား/ကာဦးစီးဌာန | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)<br>အား/ကာဦးစီးဌာန |
| ၆။ | ဦးသက်လွင်ဦး<br>ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုနယ်မြေ (နေပြည်တော်)<br>အား/ကာဦးစီးဌာန | e-Government ဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး |
| ၇။ | ဦးကျော်မင်းသန်း<br>ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန | မန္တလေးတိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ လက်ရှိ တာဝန်ကျဌာနခွဲ၊ ဒေသ | ပြောင်းရွှေ့တာဝန်ပေးအပ်သည့်ဌာနခွဲ၊ ဒေသ |
|---|---|---|
| ၈။ | ဦးစောနေမင်းထွန်း<br>ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန | ပြည်တွင်း/ပြည်ပဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး |

မှတ်ချက်။ ပြောင်းရွှေ့ရမည့် အရာထမ်းများသည့်အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၃)

၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ဆုံးဖြတ်ချက်အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဦးကျော်ကျော် အား အလုပ်ဝတ္တရား အမှန်တကယ်စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဦးမင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်)

၁။ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ကုန်းညောင်-ရန်ခိုက်လမ်း (၅ မိုင်) သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော မယ်ဟန်-ကုန်းညောင်လမ်း ၁၁ မိုင် ၃ ဖာလုံ တွင် ပါဝင်လျက်ရှိသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းမိုင်စာရင်းမှ ပယ်ဖျက်လိုက်သည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ် အတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၆၈၅၈ မိုင် ၇ ဖာလုံ ၂၃၉ ပေ သို့မဟုတ် ၁၁၀၃၈.၃၆ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၃)

၁။ ရန်ကုန်-ပြည်- မန္တလေးလမ်း၏ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းအား လမ်းအူကြောင်း ပြောင်းလဲခြင်း၊ လမ်းကွေ့များဖြောင့်၍ ပြင်ဆင်ခြင်းနှင့် အသေးစိတ်ပြန်လည်တိုင်းတာခြင်းတို့ကြောင့် မူလလမ်းမိုင် ၁၂၀ မိုင် **အစား** ၁၁၉ မိုင် ၃၀၉ ပေ အဖြစ် ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အဆိုပါ လမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

(က) လမ်းမကြီးအမည် – ရန်ကုန်–ပြည်– မန္တလေးလမ်း (မန္တလေးတိုင်းဒေသကြီးအပိုင်း)။

( ခ ) လမ်းမကြီးအရှည် – ၁၁၉ မိုင် ၃၀၉ ပေ သို့မဟုတ် ၁၉၁.၆၀၆ ကီလိုမီတာ။

( ဂ ) လမ်းစတင်သည့်နေရာ – ရန်ကုန်– ပြည်– မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၃၈၄/၂) အနီး၊ ကျောက်ပန်းတောင်းမြို့နယ်။

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ – ရန်ကုန်– ပြည်–မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၅၀၃/၂) အနီး၊ အိုးတုတ္တန်းရွာ၊ တံတားဦးမြို့နယ်။

( င ) လမ်းအဆင့်အတန်း – ပြည်ထောင်စုလမ်းမကြီး။

( စ ) လမ်းနယ်နိမိတ် – ၁၅၀ ပေ။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၁၆၀၇ မိုင် ၄ ဖာလုံ ၁၃ ပေ သို့မဟုတ် ၂၅၈၇.၀၂၄ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၃)

၁။ ရန်ကုန်– ပြည်– မန္တလေးလမ်း၏ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းအား လမ်းအူကြောင်း ပြောင်းလဲခြင်း၊ လမ်းကွေ့များဖြောင့်၍ ပြင်ဆင်ခြင်းနှင့် အသေးစိတ်ပြန်လည်တိုင်းတာခြင်းတို့ကြောင့် မူလလမ်းမိုင် ၁၉၁ မိုင် **အစား** ၁၉၀ မိုင် ၅ ဖာလုံ ၂၈၇ ပေ အဖြစ် ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အဆိုပါ လမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည်–

(က) လမ်းမကြီးအမည် – ရန်ကုန်–ပြည်– မန္တလေးလမ်း (မကွေးတိုင်းဒေသကြီးအပိုင်း)။

( ခ ) လမ်းမကြီးအရှည် – ၁၉၀ မိုင် ၅ ဖာလုံ ၂၈၇ ပေ သို့မဟုတ် ၃၀၆.၈၆၉ ကီလိုမီတာ။

( ဂ ) လမ်းစတင်သည့်နေရာ – ရန်ကုန်– ပြည်– မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၁၉၃/၅) အနီး၊ အောင်လံမြို့။

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ – ရန်ကုန်– ပြည်–မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၃၈၄/၂) အနီး၊ ချောက်မြို့။

( င ) လမ်းအဆင့်အတန်း – ပြည်ထောင်စုလမ်းမကြီး။

( စ ) လမ်းနယ်နိမိတ် – ၁၅၀ ပေ။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၂၁၄၅ မိုင် ၂ ဖာလုံ ၃၆၈ ပေ သို့မဟုတ် ၃၄၅၂.၅၅၇ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၃)

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် မကွေးမြို့ရှောင်လမ်းအား လမ်းအူကြောင်း ပြောင်းလဲခြင်း၊ လမ်းကွေ့များဖြောင့်၍ ပြင်ဆင်ခြင်းနှင့် အသေးစိတ်ပြန်လည်တိုင်းတာခြင်းတို့ကြောင့် မူလလမ်းမိုင် ၅ မိုင် ၅ ဖာလုံ ၅၈ ပေ **အစား** ၅ မိုင် ၃ ဖာလုံ ၅၆၃ ပေ အဖြစ် ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အဆိုပါ လမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် မကွေးတိုင်းဒေသကြီးမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - မကွေးမြို့ရှောင်လမ်း။

(ခ) လမ်းမကြီးအရှည် - ၅ မိုင် ၃ ဖာလုံ ၅၆၃ ပေ သို့မဟုတ် ၈.၈၂ ကီလိုမီတာ။

(ဂ) လမ်းစတင်သည့်နေရာ - မကွေးမြို့တွင်းလမ်း၏ မိုင်တိုင်အမှတ် (၀/၀)၊ မကွေးမြို့။

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ရန်ကုန်- ပြည်-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၃၃၂/၀)၊ ဝက်သိုက်ရွာ၊ မကွေးမြို့နယ်။

(င) လမ်းအဆင့်အတန်း - ခရိုင်/ မြို့နယ်များ ဆက်သွယ်သည့်လမ်း။

(စ) လမ်းနယ်နိမိတ် - ၁၅၀ ပေ။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၂၁၄၅ မိုင် ၁ ဖာလုံ ၂၁၃ ပေ သို့မဟုတ် ၃၄၅၂.၃၀၉ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်)

## ဝန်ကြီးဌာန တင်ဒါကော်မတီ ဖွဲ့စည်းခြင်း

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ တည်ဆောက်ခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁၇-၃-၂၀၂၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့၌ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန တင်ဒါကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ်
ဝန်ကြီးရုံး — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(င) ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဆ) လက်ထောက်အတွင်းဝန် အဖွဲ့ဝင်
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး

(ဇ) လက်ထောက်အတွင်းဝန် အဖွဲ့ဝင်
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ည) ဒုတိယအမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ဝန်ကြီးရုံး

၂။ တင်ဒါကော်မတီ၏ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူသည့် နည်းလမ်းများနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကျပ် ၂၀ သန်းအောက် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီးဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

(ခ) ကျပ် ၂၀ သန်းမှ ကျပ် ၂၀၀ သန်းထိ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင်တင်ဒါဖွင့်လှစ်ရန်သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ် ကြိုတင်၍ သိသာထင်ရှားစွာကြေညာခြင်း၊

(ဂ) ကျပ် ၂၀၀ သန်းအထက် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက်(၁) လ ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) ကြိမ် ကြိုတင်ကြော်ငြာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) ကန့်သတ်တင်ဒါစနစ်နှင့် တိုက်ရိုက်ဝယ်ယူခြင်း တင်ဒါနည်းလမ်းများကိုအသုံးပြုပါက ကျပ် ၁၀၀ သန်းအောက်ဝယ်ယူခြင်းအတွက် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်ရန်နှင့် ကျပ် ၁၀၀ သန်းအထက် ဝယ်ယူခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတကာတင်ဒါ ခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့် ကိစ္စများမှအပပြည်တွင်းတွင် ဝယ်ယူရရှိနိုင်မည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း၊

(စ) ဝယ်ယူလိုသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့်တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(ဆ) ဆောင်ရွက်မည့် စီမံကိန်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သောဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဈ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ည) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဋ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(ဌ) တင်ဒါတင်သွင်းရမည့် နေ့ရက်၊ အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်များ သတ်မှတ်ခြင်း၊

(ဍ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဎ) တင်ဒါအောင်မြင်သူများအား ကြေညာခြင်း၊

(ဏ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(တ) လုပ်ငန်းအလိုက်စိစစ်ပြီး ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ယင်းကော်မတီများ၏ လုပ်ငန်းစဉ်တစ်လျှောက် ကြီးကြပ်ဆောင်ရွက်ပေးခြင်း။

၃။ တင်ဒါကော်မတီ၏ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူသည့် နည်းလမ်းများနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကျပ် ၂၀ သန်းအောက် တန်ဖိုးရှိသော တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ ယုံကြည်စိတ်ချရသော တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင် အနည်းဆုံး (၃) ဦးထံမှ “ဈေးနှုန်းအဆိုပြုလွှာများ တောင်းခံခြင်း” နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ကျပ် ၂၀ သန်းနှင့်အထက် တန်ဖိုးရှိသော တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်သည့် တင်ဒါနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tendering)

(၂) ကန့်သတ်တင်ဒါခေါ်ယူခြင်း (Limited Tendering)

(၃) တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်း (Direct Contracting)

(ဂ) ဆောင်ရွက်မည့် စီမံကိန်း/ လုပ်ငန်း တည်ဆောက်ခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ (သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပါဝင်ခြင်း ရှိ မရှိ စိစစ်ရမည်။)

(ဃ) တည်ဆောက်ခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ တင်ဒါအောင်မြင်ပါက ချုပ်ဆိုမည့် စာချုပ်ပုံစံများကို ကြိုတင်ရေးဆွဲသတ်မှတ်ခြင်း၊

(င) တင်ဒါခေါ်ယူသည့် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် အမှတ်ပေးပုံစံများ သတ်မှတ်ထုတ်ပြန်ရမည်။ စံချိန်စံညွှန်းနှင့် အမှတ်ပေးပုံစံများပြုစုရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အကြံပြုချက်ကိုရယူနိုင်ခြင်း၊

(စ) အရည်အသွေးစံချိန်စံညွှန်းအပေါ် အမှတ်ပေးသတ်မှတ်ချက်များဖြင့် တင်ဒါရွေးချယ်ခြင်းကို လျှို့ဝှက်အဆင့်ထားရှိခြင်း၊

(ဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုစာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေး အချက်အလက်များ (စာချုပ်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဇ) “တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ” နှင့် “အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ” တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး (Tender Security) ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး (Performance Guarantee) တောင်းခံခြင်း၊

(ည) တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာခြင်း၊

(ဋ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီက စာချုပ်ပါသတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်း (Default or Delay) ဖြစ်ပေါ်ပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ အရေးယူခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း (Renegotiation)၊

(ဌ) တည်ဆောက်ရေးကာလအတွင်းအရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့်အပြီးသတ်လက်ခံရေးကော်မတီက တင်ပြလာသည့် အစီရင်ခံစာများကိုစိစစ်ပြီး လိုအပ်ချက်များကို ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်း၊

(ဍ) တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း။

၄။ တင်ဒါကော်မတီသည် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံး ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(ခ) ရောင်းချမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ ကျပ် ၂၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် သိသာထင်ရှားစွာ ကြေညာရမည်၊

(ဂ) ရောင်းချမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ ကျပ် ၂၀ သန်းနှင့်အထက်ဖြစ်ပါက ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် (၁၄) ရက် ကြိုတင် ကြေညာရမည်၊

(ဃ) ဝန်ကြီးဌာန၏ ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်း ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းများအား တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုနိုင်သည်-

(၁) လေလံခေါ်ယူခြင်း၊

(၂) တိုက်ရိုက်ရောင်းချခြင်း၊ တိုက်ရိုက်ငှားရမ်းခြင်း။

(င) ဝန်ကြီးဌာန၏ နိုင်ငံပိုင်ပစ္စည်းများကို တည်ဆဲဥပဒေနှင့်အညီ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုလုပ်နိုင်ပြီး တည်ဆဲဥပဒေပြဋ္ဌာန်းချက်မရှိပါက အောက်ပါအတိုင်း ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုနိုင်သည်-

(၁) လေလံခေါ်ယူခြင်း၊

(၂) ဈေးနှုန်းကမ်းလှမ်းခြင်း၊

(၃) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(စ) တင်ဒါကော်မတီအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများအား ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုလုပ်ရာတွင် အပိုဒ်ခွဲ (င)၊ (၃) ပါ ကိစ္စရပ်မှအပ ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်ပစ္စည်းအား နိုင်ငံပိုင်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် အနည်းဆုံး (၁၄) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာရမည်။

အောင်သော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့၊ ဈေးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၉/ကိုးနဝင်းရပ်)၊ ဦးပိုင်အမှတ် (၂၆)၊ မြေကွက်အမှတ် (20) ရှိ **မြေဧရိယာ ၇.၃၀၀ ဧက** အား **ရွှေပန်းရုံဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၇၇၈/သောတာပန်)၊ ဦးပိုင်အမှတ် (၁၅/ခ၊ ၁၆/၂) ရှိ **မြေဧရိယာ ၀.၀၈၁ ဧက** အား **စိန်မြင့်မိုရ်ကျောင်းတိုက်** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၄-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃၄၆/တမ-၂/ ၉၃/၂/၂၀၂၃ ကို ညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၈-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၁၁၇၀) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး

ဒီဂရီကောလိပ် (ရန်ကုန်) မှ ရုံးအုပ် ဒေါ်သန်းသန်းစော အား လက်ထောက်မော်ကွန်းထိန်း၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းဌေးဦး
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်)

အမှတ် ၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၃ ကိုရည်ညွှန်းလျက် ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသည့် အောက်ဖော်ပြပါ တပ်မတော်အရာရှိ (၂) ဦးအား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲတွင် လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး၌ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခန့်ထားလိုက်သည်။

| စဉ် | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|
| ၁ | ဗိုလ်ကြီး ငြိမ်းချမ်းဦး | ကြည်း ၆၃၂၉၁ |
| ၂ | ဗိုလ်ကြီး ဖွဲ့ပိုင်ဟိန်း | ကြည်း ၆၈၉၃၃ |

ဝင်းနိုင်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

အမှတ် ၅။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရခိုင်ပြည်နယ်၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ စစ်တွေမြို့ရှိ အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် မြောက်လတ္တီတွဒ် ၂၀˚၀၈′ ၁၈.၁၀″ နှင့် အရှေ့လောင်ဂျီတွဒ် ၉၂˚ ၅၄′ ၀၉.၃၆″ တွင် အကောင်အထည်ဖော်တည်ဆောက်ထားသော အလျား (၂၁၉) မီတာ x အနံ (၁၅.၂) မီတာ အကျယ်အဝန်းရှိ စစ်တွေကုလားတန်ဆိပ်ခံတံတား (Kaladan Multi-Modal Transit Transport Project Jetty) အား မြစ်တွင်းသွားနှင့် ကမ်းရိုးတန်းသွားသင်္ဘောများ ဆိုက်ကပ်အသုံးပြုနိုင်ရေးအတွက် ယာယီပြည်တွင်း ဆိပ်ကမ်းတံတားအဖြစ် ၂၇-၄-၂၀၂၃ ရက်နေ့မှ ၂၆-၁၀-၂၀၂၃ ရက်နေ့အထိ သတ်မှတ်လိုက်သည်။

အမိန့်အာဏာ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁၅ (၂၇၇၃/၂၀၂၃)

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် (၄/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် စက်မှုဝန်ကြီးဌာနတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် **Online စနစ်ဖြင့် e–Recruitment and Selection System (e–RSS) (UCSB e–RSS Mobile Application နှင့် UCSB e–RSS Web Based)** တို့ကို အသုံးပြုကာ ၄–၆–၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်လျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဦးစီးအရာရှိ | ၁၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (Any Graduate) **(ပြည်တွင်း/ပြည်ပသာသနာ့တက္ကသိုလ်မှ ဘွဲ့များ လက်မခံပါ)** |

(ခ) **စက်မှုဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| အမှတ် (၁) အကြီးစား စက်မှုလုပ်ငန်း | အလုပ်ရုံခွဲမှူး **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (သတ္တုဗေဒ) [B.E (Metallurgy)] |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု) [B.E (Mechanical)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (မက္ကာထရောနစ်/စက်မှု အီလက်ထရောနစ်) [B.E (Mechatronic)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (ဓာတု) [B.E (Chemical)] |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (လျှပ်စစ် စွမ်းအား) [B.E (EP)] |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်)[B.E (EC)] |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) **၄-၆-၂၀၂၃ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်၊**

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတင်သွင်းလိုသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် မိမိတို့နှင့်သက်ဆိုင်သော အချက်အလက်များကိုဖြည့်သွင်းကာ အချိန်မီလျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်ထားသူများအနေဖြင့် **UCSB e-RSS Mobile Application** ကိုအသုံးပြု၍ **Google Play Store** နှင့် **Apple Store တို့မှတစ်ဆင့် Download** ရယူ၍အသုံးပြုရန် သို့မဟုတ် **UCSB e-RSS Web Based** အသုံးပြု၍ **e-recruitment. ucsb.gov.mm** သို့ဝင်ရောက်ကာ မှတ်ပုံတင်ပြုလုပ်ပြီး စနစ်တွင်ကိုယ်ပိုင် **Account** တစ်ခု တည်ဆောက်ရပါမည်။ မှတ်ပုံတင်ပြုလုပ်ရန်အတွက် လျှောက်ထားသူ၏ ကိုယ်ပိုင် e-mail ကို အသုံးပြုရမည်ဖြစ်ပါသည်။ အသုံးပြုရာတွင် မြန်မာယူနီကုဒ် (ပြည်ထောင်စုစာလုံး Pyidaungsu Font) တစ်မျိုးတည်းကိုသာ အသုံးပြုရမည်။ အသုံးပြုနည်းအသေးစိတ်ကို User Guide အား Download ရယူ၍ ဖတ်ရှုလေ့လာကာ စနစ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **User Guide** နှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website -www.ucsb. gov.mm, Web Portal, Facebook Page** နှင့် **Myanmar National Web Portal တို့တွင်လည်း** ဖော်ပြပေးထားပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ဝယ်ယူဖတ်ရှုလေ့လာနိုင်ပါသည်။ **လျှောက်လွှာတွင်** ဖော်ပြရမည့်အချက်များ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာစာအမှတ် ၃/၂၀၂၃ ၌ ရာထူး (၂) မျိုး လျှောက်ထားခဲ့သူဖြစ်ပါက ကြော်ငြာပါ ဦးစီးအရာရှိ/အလုပ်ရုံခွဲမှူး (အမျိုးသား)ရာထူး (၂၅) နေရာအတွက် ထပ်မံလျှောက်ထားရန် ခွင့်မပြုတော့ပါကြောင်း၊ ရာထူး (၁) မျိုးလျှောက်ထားခဲ့သူသာ ကြော်ငြာပါရာထူးအတွက် ထပ်မံလျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် ကြော်ငြာစာအမှတ် ၄/၂၀၂၃ ကို လျှောက်ထားလိုပါက **e-Recruitment and Selection System (e-RSS)** စနစ်အတွင်းတွင် ကြော်ငြာစာအမှတ် ၃/၂၀၂၃ ၏ နောက်ဆက်တွဲအနေဖြင့် ရှာဖွေ၍ ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ ရေးဖြေစာမေးပွဲ (၁) ကြိမ်လျှင် ကြော်ငြာပါဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ လစ်လပ်ရာထူး (၂) မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး လျှောက်လွှာ၌ **ပထမဦးစားပေးနှင့် ဒုတိယဦးစားပေးဟုဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ပြီး ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ) ကို သီးခြားစီ ပေးသွင်း၍ ပေးသွင်းထားသည့် ချလန် (၂) စောင်ဖြင့် ပူးတွဲလျှောက်ထားရမည်** ဖြစ်ပါသည်။ ကြော်ငြာပါရာထူးအတွက် ရေးဖြေစာမေးပွဲကို ကြော်ငြာစာအမှတ် ၃/၂၀၂၃ တွင် ဖော်ပြကြေညာထားသည့် ရေးဖြေစာမေးပွဲနေ့ရက်အတိုင်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်စစ်ဆေးမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၆။ **ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေပေးသွင်းရာတွင် Online Banking သို့မဟုတ် Manual နည်းလမ်း (၂) မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။ Online Banking စနစ်ဖြင့် ပေးသွင်းရာတွင် CB Pay, Master, MPU, JCB, VISA payment method (၅) မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။**

၇။ **လက်ရှိနိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကခေါ်ယူသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူးနေရာများကို ဤအဖွဲ့၏ ၃၀-၁-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်**

**၈/၂၀၂၃ ဖြင့် ထုတ်ပြန်ထားသော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (ခ) နှင့်အညီ ဝင်ရောက်လျှောက်ထားဖြေဆိုနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ သို့ရာတွင် လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လျှောက်လွှာမိတ္တူ (၁) စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ ထံသို့ အသိပေးတင်ပြထားရမည်။**

၈။ **လျှောက်ထားသူများသည်** Online မှ **လျှောက်လွှာတင်သွင်းစဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်၊ ဘွဲ့လက်မှတ်၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများ ပူးတွဲတင်ပြရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူမပါရှိသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းထားသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသူများကို စနစ်မှ အလိုအလျောက် လက်ခံပေးမည်မဟုတ်ပါကြောင်းနှင့် Manual ဖြင့်** ပေးပို့သည့် လျှောက်လွှာများကို **(လုံးဝ)** လက်ခံ ဆောင်ရွက်ပေးမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန (၅) ခုဖြင့် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည့်အတွက် စာစစ်ဌာန (၅) ခုအနက် မိမိတို့ဖြေဆိုမည့် စာစစ်ဌာန (၁) ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည် ဖြစ်ပါကြောင်းနှင့် အခြားစာစစ်ဌာနများသို့ ပြောင်းရွှေ့ဖြေဆိုခွင့်ပြုမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြ အပ်ပါသည်။

၁၀။ **ရေးဖြေစာမေးပွဲစစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ရရှိသူများသည်** သက်ဆိုင်ရာ စာစစ်ဌာနအလိုက် ဖြေဆိုရမည့်ကျောင်း၊ စာဖြေခန်းတို့ကို **ခုံအမှတ်စာရင်းနှင့်အတူ ယှဉ်တွဲဖော်ပြကာ ၃၀-၆-၂၀၂၃ ရက်နေ့မှ စတင်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website, Web Portal, Facebook Page နှင့် Myanmar National Web Portal တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၆-၇-၂၀၂၃ နှင့် ၇-၇-၂၀၂၃ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၁။ ရေးဖြေစာမေးပွဲကို ၈-၇-၂၀၂၃ ရက် (စနေနေ့) တွင် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ မြန်မာစာနှင့် ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ ၉-၇-၂၀၂၃ ရက် (တနင်္ဂနွေနေ့) တွင် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ သုတရေးရာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၂။ ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့် အချိန်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website, Web Portal, Facebook Page** နှင့် **Myanmar National Web Portal** တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၃။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၅၂၄၄၀၈၉၅၄၊ ၀၉-၅၂၀၇၀၆၆၀၅၊ ၀၉-၅၂၀၇၀၆၆၀၆၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃ နှင့် ၀၉-၂၆၂၅၀၂၉၈၈) သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

၁၄။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များရှိသည့် ဌာနများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များအား ပြည်ထောင်စုရာထူးဝန် အဖွဲ့၏ **Website** ဖြစ်သည့် **www. ucsb. gov.mm, Web Portal, Facebook Page** နှင့် **Myanmar National Web Portal** တို့တွင်လည်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

အောင်တင်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## တော်ဝင်မောတောင် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်

## (Royal Mawtaung Mining Co.,Ltd)

## အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **တော်ဝင်မောတောင် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (Royal Mawtaung Mining Co.,Ltd)** အား (၂-၆-၂၀၂၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့် (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်
B.Com, CPA
Thaungaye & Associates Ltd
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်း (၁၅၇)၊ (၁၀) ရပ်ကွက်၊ ၄၇ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-09-255594353

No. (5992), Shwe Inngyin Street, Oattarathiri Township 15011, Naypyitaw.
Tel: (95)-673417887, Email : royalmawtaung@gmail.com

## အမ်စီ ဖာမက်ဆူတီကယ်(စ်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက်

## (MC PHARMACEUTICALS PUBLIC COMPANY LIMITED)

## အများသိစေရန် ကြေညာချက်

**အမ်စီ ဖာမက်ဆူတီကယ်(စ်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် (MC PHARMACEUTICALS PUBLIC COMPANY LIMITED)** သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၅၈ (က) ကို လိုက်နာလျက်အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ်မှ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီအဖြစ်သို့ အမျိုးအစား ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကုမ္ပဏီများဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ကြောင်းနှင့် ကုမ္ပဏီကတင်ပြသည့်လျှောက်ထားမှုကို ကျေနပ်လက်ခံပြီး ၂၈ ရက် ကျော်လွန်ပြီးနောက် တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်ရပ်မရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

Paradorn Kunkongkaphan
ဒါရိုက်တာ
MC PHARMACEUTICALS PUBLIC COMPANY LIMITED

ဦးအောင်နေမျိုး
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၉၅၅)
ဖုန်း-၀၉-၉၅၂၂၁၁၁၈၀

**KSB SINGAPORE (ASIA PACIFIC) PTE., LTD (REPRESENTATIVE OFFICE)**
**Under the Myanmar Companies Law (2017) and Insolvency Law**
**(In Members Voluntary Winding–up)**
**Final Meeting**

A Final Meeting of the above Representative Office will be held on 3rd July, 2023 at Building No.(112), Room No. (28/29), 3rd Floor, Near 8 Miles Junction, Pyay Road, Mayangone Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Voluntary Liquidation.
2. To give any explanation thereof.

Ko Ko Zaw
B.Com, CPA
Liquidator
Certified Public Accountants & Auditors

**KSB SINGAPORE (ASIA PACIFIC) PTE., LTD (REPRESENTATIVE OFFICE)**
Bld (112), Rm 28/29, 3rd Floor, Pyay Road, Near 8th miles Junction, Mayangone Township, Yangon.

Notice

**Yee Shin International Wood Industry Company Limited**
**(In members' Voluntary Liquidation)**
**Pursuant to the Insolvency Law**

**Final Meeting**

A Final Meeting of the above Company will be held on 2nd July, 2023 at Room No. (25/26), Bahosi Housing Estate, Bogyoke Aung San Road, Lanmadaw Township, Yangon Region, at 10:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

U Soe Win
B.Com (AA), CPA (RA), (PA–504)
Building No.66/72, Room No–204 (B),
Htee Tan Housing, Kyeemyindine Township,
Yangon Region.